EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၃

ဩဂုတ် ၁၁ ရက်၊ ၂၀၂၀




## အသေးစားနှင့်လက်လုပ်လက်စား ကျောက်မျက်လုပ်ကွက်များ သတ်မှတ်ရာတွင် သတ်မှတ်ဧရိယာအောက် လျှော့ချသတ်မှတ်

ဩဂုတ် ၅၊ ၂၀၂၀

မိုးကုတ်ဒေသအတွက် အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်လုပ်ကွက်များ ဧရိယာသတ်မှတ်ရာတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၂၀၁၉ တွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ဧရိယာအောက်သို့ လျှော့ချသတ်မှတ်ရန် မန္တလေးတိုင်း လွှတ်တော် ၁၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးက သဘောတူညီကြောင်း အတည်ပြုကြေညာခဲ့သည်။

မန္တလေးတိုင်း အသေးစားနှင့်လက်လုပ်လက်စား ကျောက်မျက်ရတနာဥပဒေမူကြမ်းကို ဩဂုတ်လ ၅ ရက်နေ့ ကျင်းပသည့် မန္တလေးတိုင်းလွှတ်တော် ၁၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) တွင် ထည့်သွင်းဆွေးနွေးခဲ့ပြီး ယင်းဥပဒေပါ အသေးစားလုပ်ကွက်များအတွက် ၃ ဧက သတ်မှတ်ထားခြင်းကို ၁ ဧကသို့လည်းကောင်း၊ လက်လုပ်လက်စားများအတွက် ၁ ဧက သတ်မှတ်ထားခြင်းကို ပေ ၅၀ ပတ်လည်သို့ လျှော့ချသတ်မှတ်ရန် သပိတ်ကျင်းမြို့နယ် အမှတ် ၁ မဲဆန္ဒနယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးစိုးလွင်က အဆိုပြုခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်းလွှတ်တော်ဥပဒေများ လေ့လာသုံးသပ်ပြင်ဆင်ရေး ဆွဲရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်သဲစုဝေက မိမိတို့အဖွဲ့အနေဖြင့် မိုးကုတ်ဒေသသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ပြီး မြေပြင်အနေအထားအရ ကျောက်မျက်လုပ်ကွက်ဧရိယာလျှော့ချရန် အဆိုပြုတင်ပြချက်သည် သင့်လျော်ကြောင်း ထောက်ခံပြောကြားသည်။

"သဘာဝပတ်ဝန်းကျင် ထိခိုက်မှာစိုးရပါတယ်၊ ပြင်ဆင်ချက်အဆိုကို သဘောတူပါတယ်၊ အဆိုရှင်တင်ပြချက်ကို သဘောတူပါတယ်"ဟု ၎င်းက ပြောဆိုသည်။

မန္တလေးတိုင်း ကျောက်မျက်ရတနာဥပဒေမူကြမ်း၌ မိုးကုတ်ဒေသအတွက် ကျောက်မျက်လုပ်ကွက်ဧရိယာများ သတ်မှတ်ရာတွင် ပြည်ထောင်စုအစိုးရ၏ သတ်မှတ်ချက်အတိုင်း ဧရိယာအတိုင်း ထည့်သွင်းရေးဆွဲထားခြင်းဖြစ်၍ မိုးကုတ်ဒေသနှင့် လျော်ညီမှုမရှိကြောင်း တိုင်းလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ရှင်းပြသည်။

ပြည်ထောင်စုဥပဒေပါ သတ်မှတ်ဧရိယာကို ခွင့်ပြုလိုက်မည်ဆိုပါက မိုးကုတ်ဒေသ၏ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် အခြေအနေဆိုးရွားနိုင်ကြောင်း ၎င်းကထောက်ပြသည်။

(ကိုးကား-http://thevoicemyanmar.com)

# တင်ဒါလုပ်ငန်းများ အရည်အသွေးမရှိဟု ပြည်နယ်လွှတ်တော်သို့ တင်ပြ

ဇွန် ၁၇၊ ၂၀၂၀

ကယားပြည်နယ်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း ကုမ္ပဏီ တင်ဒါလုပ်ငန်းများမှာ အရည်အသွေးမရှိဟု ကယားပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေးကော်မတီဝင် ဦးခင်မောင်ထွန်း (ခေါ်) နော်အီးက ယခုလိုပြောသည်။

"ကျွန်တော်တို့ ဒီအဆိုးဆုံးဆိုရင် ကျွန်တော်တို့အဆောက်အအုံ တွေအရည်အသွေးမမီတာပေါ့နော်။ အဆောက်အအုံတွေ အက်ကွဲ တာတွေ တင်ဒါကတစ်မျိုး နောက်တစ်ခုက လမ်း။ လမ်းကဒူးပြော တော့တစ်မျိုး ဥပမာ- မြေသားလမ်းရေဖြန်း၊ ရေဖြန်းတော့ သဲကြိတ် တာတွေ မလုပ်ပါဘူး။ သူတို့တာတွေသွားမကြည့်ဘူး သူတို့ခိုတယ်။ ဒီဟာက တော်တော်ဆိုးတယ်။ ဒီလုပ်ငန်းပေါ့နော်၊ သူတို့လည်းဘတ် ဂျက်တော်တော်များများတောင်းတယ်။ တောင်းမှပြီးအောင်မလုပ်ဘဲ ပြန်ပေးတာလည်း အဲဒါက ကျွန်တော်တို့ကယားပြည်အတွက် တအားနစ်နာပါတယ်။"

လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန်အတွက် ကြိုတင်ကွင်းဆင်း စစ်ဆေးပြီး တိုင်းတာတွက်ချက်ပြီးမှ တင်သွင်းမှုများမလုပ်သည့် အတွက် ဘတ်ဂျက်ကျလာသည့်အခါနှင့် အမှန်တကယ်လုပ်တဲ့အချိန် မှာ ကွာဟမှုများရှိနေသည်ဟု ၎င်းကဆက်ပြောသည်။

ယင်းမှာ ကယားပြည်နယ်လွှတ်တော် ဇွန်လ ၁၀ ရက်နေ့ အစည်း အဝေးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ တင်ပြခဲ့ခြင်းဖြစ်သည်။

မော်ချီးကျေးရွာ အောင်ချမ်းသာတောင်ပေါ်ကားလမ်း၏ ထုအနက် ၁၅ လက်မ ရှိရမည့်အစား ၃ လက်မခွဲနှင့် ၂ လက်မခွဲသာရှိကြောင်း သတ်မှတ်ထားသည့် ထုမပြည့်မီတာတွေ စတာတွေတွေ့ခဲ့သည်ဟု တင်ပြခဲ့သည်။

ပြည်သူ့ဘဏ္ဍာငွေများ အလာဟဿမဖြစ်စေရန် သက်ဆိုင်ရာ ဌာနများနှင့် ပြည်နယ်အစိုးရများက ကြီးကြပ်ပေးရန် တိုက်တွန်း သွားခဲ့သည်။

တင်ဒါလုပ်ငန်းများ အရည်အသွေးညံ့သည့်ကိစ္စတွင် ကုမ္ပဏီများ သည် မြို့ပေါ်လောက်သာ တင်ဒါများကို စိတ်ဝင်စားကြပြီး ဝေးလံ သည့် ကျေးလက်ဒေသများကို စိတ်ဝင်စားမှုနည်းသောကြောင့် တင်ဒါမခေါ်ဘဲ ပေးလိုက်ရခြင်းများရှိပြီး ထိုသို့တင်ဒါမဆွဲတော့ဘဲ ကုမ္ပဏီများကို ပေးလိုက်သည့်အခါ တွက်ချက်မှုများ ကွာဟကာ အရည်အသွေးညံ့ခြင်းများ ဖြစ်လာသည်ဟု ကယားပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်းစောင့်ကြည့်လေ့လာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီမှ ၄ နှစ်တာ အစီရင်ခံစာကို အဆောက်အုံဆောက်လုပ်ခြင်းလုပ်ငန်း ၈၆ ခု၊ လမ်းခင်းခြင်းလုပ်ငန်း ၉၉ ခု၊ မြေကာနံရံ ၂၄ ခု၊ တံတားတည် ဆောက်ခြင်းလုပ်ငန်း ၂၅ ခု၊ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ၂ ခု၊ လျှပ်စစ်မီးတိုင်စိုက်ထူခြင်းလုပ်ငန်း ၂ ခု၊ ဆည်တည်ဆောက် ခြင်းလုပ်ငန်း ၂ ခု၊ ရေရရှိရေးအကောင်အထည်ဖော်တာ ၁ ခု တို့ကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်သို့တင်ပြချက်အရ သိရသည်။

**(ကိုးကား-ကန္တာရဝတီတိုင်းမ်)**

# Social Media တွင် ကျော်ကြားလျက်ရှိသော ဆေးပညာဘွဲ့လက်မှတ်အတုအသုံးပြုကာ အထူးကုဆေးခန်းအမည်ခံ လိမ်လည်၊ ဆေးကုသမှု မန်းတိုင်းလွှတ်တော်တွင် မေးမြန်း

ဩဂုတ် ၇၊ ၂၀၂၀

Social Media (Facebook) တွင် မန္တလေးမြို့ပေါ်၌ ဆေးပညာဘွဲ့လက်မှတ် အတုအသုံးပြုကာ အထူးကုဆေးခန်းအမည်ခံ လိမ်လည်၊ ဆေးကုသခြင်းများ ဆောင်ရွက် နေသည့်ကိစ္စအား သက်ဆိုင်ရာမှသိရှိခြင်း ရှိ/မရှိနှင့်သိရှိပါက မည်သို့ထိထိရောက်ရောက် အရေးယူရန် ဆောင်ရွက်ထားကြောင်း သိရှိ လိုသည့်မေးခွန်းကို တိုင်းလွှတ်တော်ကိုယ် စားလှယ် ဒေါက်တာညီမင်းဟန် (အောင်မြေ သာစံ-၁)က မန္တလေးတိုင်းလွှတ်တော် ၁၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးမြန်း ခဲ့သည်။

ယင်းမေးခွန်းနှင့်ပတ်သက်၍ ပြည်ကြီး တံခွန်မြို့နယ်တွင် သင်တန်းဖွင့် အတွင်းလူနာ ထားကာ ဆေးကုသနေသည့် ခေတ်သစ်ဇီဝက အထူးကုဆေးခန်းနှင့် ကျန်းမာရေးအထောက် အကူပြုပစ္စည်းရောင်းဝယ်ရေးမှ သိမ်းဆည်း ရမိသော ဘွဲ့လက်မှတ်မှာ အတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရပြီး ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ မြို့မ ရဲစခန်းတွင် ဆေးကောင်စီဥပဒေပုဒ်မ (၅၈) အရ အမှုဖွင့်တိုင်ကြားထားပြီးဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ရမ်းကုများအား မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေ၊ အမျိုးသားဆေးဝါး ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ လျက် ရှိကြောင်း၊ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များ နှင့်ပြည်သူလူထုမှသက်ဆိုင်ရာကျန်းမာရေး ဌာနများသို့ အချိန်မီသတင်းပေးပို့တိုင်ကြား ရန် အရေးကြီးကြောင်းနှင့် တိုင်ကြားချက် ရရှိပါက အလျင်အမြန်အရေးယူဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ် ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဌာန ဝန်ကြီးဦးအောင်ကြည်က ဖြေကြားခဲ့ သည်။

**(ကိုးကား- Mandalay Region Hluttaw , Nyi Min Han Facebook)**

# ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် NLD ပါတီ ချင်းပြည်နယ်မှ လက်ရှိလွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများ

ဇွန် ၁၆၊ ၂၀၂၀

လာမည့် ၂၀၂၀ နိုဝင်ဘာလအတွင်း ကျင်းပသွားမည့် အထွေထွေရွေးကောက်ပွဲတွင် လက်ရှိအနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အပြီးသတ်ရွေးချယ်လိုက်ရာတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးအများစုဖြစ် ပါဝင်လာခဲ့ပြီး ၁၆ ဦးထိ ရှိသည်။

| မဲဆန္ဒနယ် | ယှဉ်ပြိုင်မည့် လွှတ်တော် | ကိုယ်စားလှယ်လောင်း အမည် | လက်ရှိရာထူး |
|---|---|---|---|
| ဟားခါး | ပြည်နယ်လွှတ်တော် (၂) | Pu Sui Thio | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ဖလမ်း | အမျိုးသားလွှတ်တော် | Pu Zung Hlei Thang | အမျိုးသားလွှတ်တော်အမတ် |
| | ပြည်သူ့လွှတ်တော် | Pu Riang Vel | ပြည်သူ့လွှတ်တော် |
| | ပြည်နယ်လွှတ်တော် (၁) | Salai Lian Luai | ဝန်ကြီးချုပ် |
| | ပြည်နယ်လွှတ်တော် (၂) | Pu Ral Hnin | ပြည်နယ်လွှတ်တော်အမတ် |
| တီးတိန် | ပြည်နယ်လွှတ်တော် (၂) | Pu Mang Hin Dal | စိုက်/မွေး/သစ်တောဝန်ကြီး |
| မင်းတပ် | ပြည်သူ့လွှတ်တော် | U Nay Lin Aung | ပြည်သူ့လွှတ်တော်အမတ် |
| | ပြည်နယ်လွှတ်တော် (၁) | U Aung Tan | ပြည်နယ်လွှတ်တော်အမတ် |
| မတူပီ | ပြည်နယ်လွှတ်တော် (၂) | Pu Vui Kaw | ဘဏ္ဍာရေးဝန်ကြီး |
| ထန်တလန် | အမျိုးသားလွှတ်တော် | Pu Henry Van Thio | ဒုတိယသမ္မတ |
| | အမျိုးသားလွှတ်တော် | Daw Khin Shwe Lwin | အမျိုးသားလွှတ်တော်အမတ် |
| | ပြည်နယ်လွှတ်တော် (၂) | ဦးဖွေအား | လဝကဝန်ကြီး |
| ပလက်ဝ | အမျိုးသားလွှတ်တော် | ဦးပြေမင်း | ပြည်နယ်လွှတ်တော်အမတ် |
| | အမျိုးသားလွှတ်တော် | ဦးဌေ့တင်း | အမျိုးသားလွှတ်တော်အမတ် |
| | ပြည်နယ်လွှတ်တော် (၁) | ဦးစိုးထက် | စည်ပင်ဝန်ကြီး |
| | ပြည်နယ်လွှတ်တော် (၂) | ဦးမျိုးထိုက် | အမျိုးသားလွှတ်တော်အမတ် |

လက်ရှိချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေးသည် အစကနဦးတွင် ဟားခါးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေအမှတ် (၁) မှ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး NLD ပါတီဗဟိုက ပြည်သူ့လွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြောင်းလဲအတည်ပြုခဲ့သော်လည်း ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကူညီပံ့ပိုးနိုင်ရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဟု ခိုနူမ်းသုန်သတင်းဌာနကို ပြောသည်။

**ကိုးကား-ခိုနူမ်းသုန်**

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးအားလုံးနီးပါး ရွေးကောက်ပွဲ ပြန်ဝင်မည်

ဇူလိုင် ၂၈၊ ၂၀၂၀

ကချင်ပြည်နယ်အတွင်း လွှတ်တော်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လောင်းစာရင်းထဲတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ထဲမှ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကလွဲ၍ ဝန်ကြီးချုပ်အပါအဝင် ကျန်ဝန်ကြီးအားလုံး ယှဉ်ပြိုင်မည့်စာရင်းတွင် ပါဝင်လာခဲ့သည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြစ်ကြီးနားမဲဆန္ဒနယ်အမှတ် (၁)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ဖားကန့်မဲဆန္ဒနယ်အမှတ် (၂)၊ လူမှုရေးဝန်ကြီး ဦးနေဝင်းက မြစ်ကြီးနားမဲဆန္ဒနယ်အမှတ်(၂)၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ လူဝန်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်း တနိုင်းမဲဆန္ဒနယ်အမှတ် (၂) တို့မှာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုယှဉ်ပြိုင်မည့် ဝန်ကြီးများသည် ယခင် ၂၀၁၅ ခုနှစ်တုန်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

စာရင်းထုတ်ပြန်ချက်အရ လက်ရှိပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ကချင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ် (၃၀)ဝန်းကျင်လည်း ပြန်လည်ပါဝင်ယှဉ်ပြိုင်သွားမည်ကို တွေ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ တစ်နိုင်ငံလုံးတွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်နှင့် လာမည့်အထွေထွေရွေးကောက်ပွဲ၌ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့်တို့ကလည်း ထပ်မံဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

**ကိုးကား-မြစ်ကြီးနားသတင်းဂျာနယ်**